ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# **လူထုဗဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

## National Community Driven Development Project

## (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ကြံ့ခင်းမြို့နယ်

၂၀၁၈ ခုနှစ် တလိုင်းကွင်းကျေးရွာအုပ်စု၊ မြောက်အင်တိုင်းကျေးရွာ

**မာတိကာ**


၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါ ဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၂။အစည်းအဝေးမှတ်တမ်းများ


၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ရေသာယာချောင်း
ဖါးတရှည်းချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ပတော်သစ်တော ကြိုးဝိုင်း
ရေနံတောင်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
ဧရာဝတီမြစ်
ရခိုင် ပြည်နယ်
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ကျေးရွာမြေပုံ(တည်နေရာ)




မြောက်အင်တိုင်းကျေးရွာပြမြေပုံ

**၃။ အုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း**

တလိုင်းကွင်းကျေးရွာအုပ်စုတွင်

၁။တလိုင်းကွင်းကျေးရွာ

၂။ဇရပ်ကုန်းကျေးရွာ

၃။ကျွန်းစုကျေးရွာ

**၄။မြောက်အင်တိုင်းကျေးရွာ**

၅။ပန်းရုံစုကျေးရွာ

၆။ပေါက်တောကြီးကျေးရွာ

၇။အင်းတဲစုကျေးရွာ

၈။သပြေပင်ဇင်းကျေးရွာ

၉။အောင်မြင်ကိုင်းကျေးရွာ

၁၀။မန်ကျည်းပင်ကွင်းဒေါင့်ကျေးရွာ

တို့ပါဝင်ပါသည်။

## ၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

မြောက်အင်တိုင်း ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ တလိုင်းကွင်း ကျေးရွာအုပ်စုအတွင်းတွင် တည်ရှိပါသည်။ အိမ်ခြေ (၆၁)ရှိပြီး၊ အမျိုးသား(၁၀၃)ဦး၊ အမျိုးသမီး (၁၂၀)ဦး တို့နေထိုင်ကြပါသည်။

မြောက်အင်တိုင်း ကျေးရွာသည် ကြံခင်း-ဘက်ရဲ လမ်းမကြီး ၏ဘေး တွင်တည်ရှိ သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ကျေးရွာဖြစ်ပြီး၊ ကြံခင်းမြို့နှင့် (၂)ဖာလုံခန့်သာ ကွာဝေးသော ကျေးရွာဖြစ်သည်။

ကျေးရွာအခြေခံအဆောက်အဦး အနေဖြင့် ဘုန်းတော်ကြီးကျောင်း ရှိပါသည်။ အများစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြပါသည်။

ရွာသူ/ရွာသား အားလုံးမှာ ဗမာလူမျိုးများဖြစ်ကြပြီး ၊ ဗုဒ္ဓဘာသာ ကို ကိုးကွယ်ကြပါသည်။ သဘာဝ ဘေးအန္တရာယ် ကျရောက်မှု ကင်းသော ကျေးရွာဖြစ်ပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | ၂၈.၉.၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၅ | ၅ | ၁၀ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂၈.၉.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၆ | ၅ | ၁၁ | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂၈.၉.၁၇ | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၆ | ၄ | ၁၀ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | ၂၈.၉.၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | ၅ | ၅ | ၁၀ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | ၂၈.၉.၁၇ | ကျေးရွာရှိအမျိုးသားနှင့် အမျိုးသမီးများ | ၆ | ၅ | ၁၁ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | ၂၈.၉.၁၇ | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၅ | ၆ | ၁၁ | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | ၂၈.၉.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၂၃ | ၁၄ | ၃၇ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | ၂၈.၉.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၂၃ | ၁၄ | ၃၇ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | ၂၈.၉.၁၇ | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | ၂၃ | ၁၄ | ၃၇ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(က)လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ**



လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ

## လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ(ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)

- မြောက်အင်တိုင်း ကျေးရွာသည် လယ်ယာ လုပ်ငန်းကို အများဆုံးလုပ်ကိုင်ပြီး အသက်မွေး ဝမ်းကျောင်း ပြုကြပါသည်။
- အိမ်ခြေ (၆၁)အိမ်ရှိပြီး၊ အများစုမှာ နွမ်းပါးသူများ ဖြစ်ကြသည်ကို တွေ့ရသည်။
- ကျေးရွာသည် ကြံခင်းမြို့နှင့် (၂)ဖာလုံ ကွာဝေးသောကြောင့် ပညာရေး လက်လှမ်းမှီမှု ရှိသည်ကို တွေ့ရှိရသည်။
- ကျေးရွာသည် ကြံခင်း-ဘက်ရဲ လမ်းမကြီးဘေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု ရှိသည်ကို တွေ့ရသည်။
- ကျေးရွာတွင် ကိုယ်ပိုင် ကျေးလက်ဆေးပေးခန်း မရှိသော်လည်း ကြံခင်းမြို့နှင့် အလှမ်း မဝေးသော ကြောင့် ကြံခင်းမြို့သို့သွားရောက်၍ ဆေးကုသမှု ခံယူကြသည်ကို တွေ့ရသည်။
- ၂၀၁၆ခုနှစ် (ပထမနှစ်စက်ဝန်း) တွင် လူထုဗဟိုပြု စီမံကိန်း၏ ပံ့ပိုးမှုဖြင့် ရွာတွင်းလမ်း ချောင်းကျောက်ခင်း ခြင်းအား အကောင်အထည် ဖော်ခဲ့သောကြောင့် ရွာတွင်းလမ်း ကောင်းမွန် သည်ကို တွေ့ရသည်။
- ၂၀၁၇ခုနှစ် (ဒုတိယနှစ်စက်ဝန်း) တွင်လူထုဗဟိုပြုစီမံကိန်း၏ ပံ့ပိုးမှု ဖြင့် ကွန်ကရစ်မီးတိုင် လဲလှယ်ခြင်း လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။
- စိုက်ပျိုးမြေ အရင်းအမြစ် နည်းပါးသောကြောင့် လက်လုပ်လက်စား များပြားသည်ကို တွေ့ရသည်။ ကျေးရွာလူထု အားလုံးမှာ ဗုဒ္ဓဘာသာ ၊ ဗမာလူမျိုးများ ဖြစ်ကြသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(ခ)ရာသီခွင်ပြ ပြက္ခဒိန်**




ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီစွင်ပြ ပြက္ခဒိန်( ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

မြောက်အင်တိုင်း ကျေးရွာတွင် လယ်ယာ လုပ်ငန်းများ လုပ်ကိုင်ကြသော အိမ်ခြေများလည်း ရှိပြီး အိမ်ခြေအများစုမှာ ကျပန်း လုပ်သားများလည်းဖြစ်သည်။ ဝါဆို၊ ဝါခေါင် လများတွင် မိုးသည်းထန်စွာ ရွာသွန်း သည်ကိုတွေ့ရသည်။ ကျပန်းလုပ်ငန်းများကို တစ်နှစ်ပတ်လုံး လုပ်ဆောင်ကြပြီး ဝင်ငွေမှာလည်း တစ်နှစ်လုံး သင့်တင့်ကြောင်း တွေ့ရပါသည်။ လုပ်အားခလည်းအမျိုးသား နှင့်အမျိုးသမီး တန်းတူရရှိကြောင်း တွေ့ရှိ ရပါသည်။သို့သော် အမျိုးသမီး အများစုမှာ အိမ်တွင်းမှု လုပ်ငန်းများနှင့် အချိန်ကုန် နေရသောကြောင့် အမျိုးသမီးတို့၏ဝင်ငွေ နည်းပါးသည်ကိုတွေ့ရသည်။

ရာသီ အကူးအပြောင်း ကာလများတွင် ဖျားနာလေ့ရှိပြီး နယုန်၊ ဂါဆိုလများတွင် သွေးလွန်တုတ်ကွေး ရောဂါများ ဖြစ်ပွားမှု ရှိသည်ကို တွေ့ရသည်။ ကျန်လများတွင် အများစုမှာ ကောင်းမွန်ကြသည်။


ပွဲတော်များ အနေဖြင့် သင်္ကြန်ပွဲတော်၊ ညောင်ရေသွန်းပွဲတော်၊ ဝါဆိုသင်္ကန်းကပ်ပွဲတော်၊ မီးထွန်းပွဲတော်၊ ကထိန်ပွဲတော်၊ ထမနဲပွဲတော်နှင့် အလှူပွဲများ ကျင်းပလေ့ရှိပါသည်။

တစ်နှစ်ပတ်လုံး ဝင်ငွေ သင့်တင့်သောကြောင့် အစားအစာလည်း ကောင်းမွန်ကြောင်း တွေ့ရှိရသည်။

သဘာဂဘေးအန္တရာယ် ကင်းရှင်းသော ကျေးရွာဖြစ်သည်ကို တွေ့ရပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(၈)ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း




ဥစ္စာ ဓနအဆင့် သတ်မှတ်ခြင်း

**ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ကျေးရွာတွင် အိမ်ခြေ(၆၁)အိမ်ခြေရှိသည့်အနက် ချမ်းသာသောအိမ်ခြေ(၅)အိမ်၊အသင့်အတင့်အိမ်ခြေ(၃၀) အိမ်ခြေ၊ နွမ်းပါးသော အိမ်ခြေ(၂၆)အိမ် ခြေ ရှိပါသည်။


နွမ်းပါးသောအိမ်ထောင်စုများမှာ ကျပန်းလုပ်ငန်းဖြင့် အသက်မွေး ဝမ်းကြောင်းပြုကြပါသည်။ ဂါးအိမ်၊ သက်ကယ်မိုး တို့ကိုသာပိုင်ဆိုင်ကြပြီး ကလေးများအား မူလတန်း အောင်သည်ထိသာ ထားနိုင်သည်ကိုတွေ့ရပါသည်။

ချမ်းသာသောအိမ်မှာ (၅)အိမ်သာ တွေ့ရပြီး လှည်း၊နွား၊သုံးဘီးဆိုင်ကယ်တို့ကို ပိုင်ဆိုင်ကြပြီး ကလေးများအား ပညာရေးဆုံးခန်းတိုင်အောင် ထားနိုင်သည်ကို တွေ့ရသည်။အများစုမှာ မပြေလည်သောအိမ်များဖြစ်သည်ကို တွေ့ရသည်။

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲရာတွင် နွမ်းပါးသော အုပ်စုများ၏ အခက်အခဲများ၊ လိုအပ်ချက်များနှင့် အားလပ်ချိန်ကို အလေးထား၍ ဆောင်ရွက်ခဲ့ပါသည်။

ဓ။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဃ)ပင့်ကူအိမ်သုံးသပ်ခြင်း




ပင့်ကူအိမ်သုံးသပ်ခြင်း ပြပုံ

**ပင့်ကူအိမ်(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှု တို့တွင် အားသာမှုရှိကြောင်း တွေ့ရှိရပါသည်။

အုပ်ချုပ်ရေးပိုင်းနှင့် လုံခြုံမှုယုံကြည်မှုတို့တွင် အမျိုးသားများက သာလွန်ပြီး အမျိုးသမီးများ ပါဝင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။


ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ ပညာရေးလက်လှမ်းမှီမှုနှင့် အလုပ်ကိုင်ရှာဖွေမှုတို့တွင် အမျိုးသား၊အမျိုးသမီးကွာခြားချက်မှာ အနည်းငယ်သာရှိကြောင်းတွေ့ရသည်။


အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု လုပ်ငန်းများဖြင့်သာ အချိန်ကုန်းမခံပဲ အခြားကဏ္ဍများတွင်လည်း ပါဝင်နိုင်စေရန် ကြိုးပမ်းသင့်ကြောင်း သုံးသပ်မိပါသည်။

အမျိုးသမီးများသည် အိမ်တွင်းမှု များတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း၊ ဝင်ငွေရှာဖွေမှု နည်းပါးခြင်း၊ အမျိုးသမီးများ အနေဖြင့် အခြား ဝင်ငွေရရှိနိုင်ရန်အတွက် အိမ်တွင်းမှု အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ မရှိခြင်း။ ကျေးရွာတွင် အမျိုးသမီးများသီးသန့် အသိအညာပေး ဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသော အလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူပေးခြင်း၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုး တိုးတက်လာနိုင်သည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င)အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု




အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှုပြပုံ


**အရင်းများအပေါ် ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

မြောက်အင်တိုင်း ကျေးရွာရှိ အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းတွေ့ရှိရသည်။အပ်ချုပ်စက် ကိုသာအမျိုးသမီးများအသုံးပြုကြသည်ကိုသာ တွေ့ရှိရသည်။ လယ်ထွန်စက်၊ ထွန်၊ထယ်၊လှည်း ၊နွား များကိုသာအမျိုးသားများ သီးသန့်အသုံးပြုကြသည်။ ဝါးခြံ၊ လယ်၊ဝက်၊ ကိုင်း စသည့်အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံးအသုံးပြုကြသည်။ အမျိုးသားနှင့် အမျိုးသမီးများ အသုံးပြုသော အရင်းအမြစ် များမှာ အလွန်ပင်များပြားသည်။အရင်းအမြစ်များထိန်းချုပ်ခြင်း ၊ ဆုံးဖြတ်ချက်များချရာတွင်အများအားဖြင့် အမျိုးသာများက သာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက် ချခြင်းများကို ပြုလုပ်နေကြသည်။

အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန်ပင် နည်းပါးသည်။အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့် ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှုရရှိလိမ့်မည်ဟု သုံးသပ်မိပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(စ) အဖွဲ့အစည်းချိတ်ဆက်ပြပုံ**





အဖွဲ့အစည်းချိတ်ဆက်ပြပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

- ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ လူထုဗဟိုပြု စီမံကိန်းကော်မတီအဖွဲ့၊ အမျိုးသား၊ အမျိုးသမီး လူငယ်အဖွဲ့တို့သည် ကျေးရွာဖွံ့ဖြိုးရေးကို အဓိက ဦးဆောင် လျက်ရှိသည်။
- ဂေါပကအဖွဲ့၊ ပရိတ်သင်းအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာမီးသတ်၊ တို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး ကိစ္စများကို လုပ်ဆောင်ရွက်လျက်ရှိသည်။
- ကျေးရွာတွင်း အုပ်ချုပ်ရေး အဖွဲ့သည် အုပ်စု၊မြို့နယ်အုပ်ချုပ်ရေးနှင့် ချိတ်ဆက် ဆောင်ရွက် လျက် ရှိသည်။
- လူထုဗဟိုပြု စီမံကိန်းကော်မတီသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့်လည်းကောင်း၊ ကျေးရွာမီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်နှင့်လည်းကောင်း အချင်းချင်း ချိတ်ဆက် ဆောင်ရွက်ကြသည်ကို တွေ့ရသည်။
- အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု သုံးသပ်မိပါ သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ)ကျေးရွာ၏ အခက်အခဲများနှင့် ပြဿနာများ




အခက်အခဲပြဿနာများ

**အခက်အခဲပြဿနာများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသားများ၊ အမျိုးသမီးအုပ်စုများမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကဖြစ်သော အခက်အခဲပြဿနာများကို တင်ပြရာ အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေးဆေးပေးခန်းမရှိခြင်း ဖြစ်သည်ကို တွေ့ရပါသည်။


အမျိုးသား အုပ်စုများ၏ အခက်အခဲ များမှာ အိမ်တိုင်းစေ့ မီတာ မတပ်ဆင်နိုင်ခြင်း ၊ ရွာအဝင်လမ်း ကျဉ်းမြောင်းခြင်း၊ စာကြည့်တိုက် မရှိခြင်းကြောင့် စာပေဗဟုသုတ နည်းပါးခြင်း၊ အစည်းအဝေးပြုလုပ်ရန် နေရာ ခက်ခဲခြင်း တို့ဖြစ်သည်ကို တွေ့ရသည်။

အမျိုးသမီးများမှ တင်ပြသော အခက်အခဲ ပြဿနာများမှာ လျှပ်စစ်မီးအား မပြည့်ခြင်း၊ သီးထပ်စိုက်ပျိုး၍ မရခြင်း၊ ကျေးရွာတွင်း ဂုံးပေါက်များ လိုအပ်ခြင်း၊ မီးဘေးအန္တရာယ် အတွက် ရေမလုံလောက်ခြင်း စသောအခက်အခဲ တို့ကို တင်ပြဆွေးနွေးထားသည်။

ဖော်ပြပါသော အခက်အခဲ ပြဿနာများမှာ ကျေးရွာဖွံ့ဖြိုးရေးကို အဓိက ဟန့်တားနှောင့်ယှက်နေသော အခက်အခဲ ပြဿနာများ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(ဇ)ကျေးရွာ၏ မျှော်မှန်းချက်များ**




မျှော်မှန်းချက်များ ပြပုံ

**ကျေးရွာမျှော်မှန်းချက်များ(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**


အမျိုးသား အုပ်စုများမှ တင်ပြသော မျှော်မှန်းချက်များမှာ ကျန်းမာရေး ဆေးပေးခန်း ရရှိရန် ၊ရွာချင်းဆက် လမ်းအား မီးသတ်ကား ဝင်နိုင်သည်ထိ တိုးချဲ့ရန်၊ အစည်းအဝေးခန်းမ ရရှိရန်၊ မီးသတ်ရေ ကန်ရရှိရန်၊ ငွေချေးအဖွဲ့များနှင့် အုပ်ချုပ်ရေးအဖွဲ့များ ချိတ်ဆက်နိုင်ရန်၊ ကျေးရွာလူထုမှ ဖွံ့ဖြိုးရေး လုပ်ငန်းများ အပေါ် ပူးပေါင်းပါဝင်မှု အားကောင်းလာစေရန် တို့ကို  ဆွေးနွေး သုံးသပ်ထား သည်။

အမျိုးသမီး အုပ်စုများမှ တင်ပြထားသော မျှော်မှန်းချက်များမှာ ရွာတွင်းရွာချင်းဆက်လမ်း များ ကျောက်ချောလမ်း ဖြစ်စေရန်၊ အိမ်တွင်း လက်မှု လုပ်ငန်းများ ရရှိရန်၊ အသေးစား ချေးငွေလုပ်ငန်း များပေါ်ပေါက်လာစေရန်၊ လျှပ်စစ်မီးအားအပြည့်အဝရရှိရန်၊ ဂုံးပေါက်များရရှိရန်၊ သောက်သုံးရေ ဖူလုံရန်   တို့ကို မျှော်မှန်းပါသည်။

အထက်ပါ မျှော်မှန်းချက်များမှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျသော မျှော်မှန်းချက် များ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဈ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ


အဆိုပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများ

မြောက်အင်တိုင်းကျေးရွာ ၂၈.၉.၂၀၁၇

| လုပ်ငန်း | အဆိုပြုသူ |
| --- | --- |
| ၁. ရွာချင်းဆက်လမ်း ချဲ့၍ ကျောက်ချောလမ်းခင်းခြင်း | ကျား |
| ၂. ဂုံးပေါက် (၅)ခု ပြုလုပ်ခြင်း | ကျား+မ |
| ၃. ထက်ရေတွင်း၊ ရေစင်၊ ရေပိုက် ရေကန် (ဂါလံ ၃၀၀၀) | ကျား+မ |
| ၄. အစည်းအဝေးခန်းမ | ကျား+မ |
| ၅. ဆေးပေးခန်း | ကျား+မ |
| ၆. တနိုင်တပိုင် မွေးမြူရေး လုပ်ငန်းများ | မ |
| ၇. အိမ်တွင်းမှုလုပ်ငန်းများ | မ |

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြပုံ

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**


အမျိုးသား၊ အမျိုးသမီး များ၏တူညီသော ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ဂုံးပေါက်(၅)ခု ပြုလုပ်ခြင်း၊ စက်ရေတွင်း ၊ရေစင်၊ ရေပိုက်၊ ရေကန် ဆောက်လုပ်ခြင်း၊ အစည်းအဝေးခန်းမ၊ ဆေးပေးခန်း လုပ်ငန်းများ ကို ဆွေးနွေးထားသည်။

အမျိုးသားများမှ ရွာချင်းဆက် လမ်းချဲ့၍ ကျောက်ချောလမ်း ခင်းခြင်း လုပ်ငန်းကို ဆွေးနွေး ထားပါသည်။

အမျိုးသမီးများမှ တပိုင်တနိုင် မွေးမြူရေး လုပ်ငန်းများ ၊အိမ်တွင်းမှု လုပ်ငန်းများ ရရှိရန် တို့ကို ဆွေးနွေး ထားပါသည်။

အထက်ဖော်ပြပါ ဖွံ့ဖြိုးရေး လုပ်ငန်းများသည် ကျေးရွာ၏ အမှန်တကယ် လိုအပ်သော လုပ်ငန်း များဖြစ်သည်ဟု သုံးသပ်မိပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း**




ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း

## ၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



# ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု ၊ ကဆိုင်းကွင်း

ကျေးရွာ ၊ မြောက်ကန်ဘင်တိုင်း

စတင်ဖွဲ့စည်းသည့်ရက်စွဲ ၊

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးဇော်ဝင်း | 09.250578158 | |
| ၂ | | ဥက္ကဌ | ဒေါ်ကျင်သိန်း | 09.258252679 | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးဇော်မင်း | 09.799600709 | |
| ၄ | | အဖွဲ့ဝင် | ဦးခင်ဆောင်း | | |
| ၅ | | အဖွဲ့ဝင် | ဒေါ်သန်း၂မြင့် | | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်မာမာအေး | 09.782392356 | |
| ၇ | | အဖွဲ့ဝင် | ဦးသိန်းအောင် | | |
| ၈ | | အဖွဲ့ဝင် | ဦးတင်အေး | 09.250084273 | |
| ၉ | လည်ပတ်ရေး နှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ခင်သွယ် | 09.266682773 | |
| ၁၀ | | အဖွဲ့ဝင် | ဦးမောင်ဝိုး | 09.796906851 | |
| ၁၁ | | အဖွဲ့ဝင် | ဦးမြင့်လှိုင် | 09.36369087 | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်သင်းသန္တာဝင်း | 09.780041164 | |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးတင်ထွန်း | 09.252090137 | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်စန်းငွေ | | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးကျော်သူ | | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်နွယ်နီဝင်းမော် | 09.250579037 | |

<u>တာဝန်ကျဝန်ထမ်းများ</u>

- လူထုစည်းရုံးရေးမှူး - ဒေါ်ကြည်ကလင်း
- လက်ထောက်နည်းပညာမှူး - ဒေါ်ခင်နှင်းအေး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်၊ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ကြည်ဓာလင်း |
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု တလိုင်းကွင်း ကျေးရွာ မြောက်ဂုံတိုင် | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၅၉ | ဘာသာ (၁) ဗုဒ္ဓ | ၅၉ |
| လူမျိုးစု (၂) မွတ်ဆလင် | ၂ | ဘာသာ (၂) အစ္စလာမ် | ၂ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၆ - ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျ: ၁၃ ၊ မ - ၁၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၀၃ | ၁၂၀. |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၄၈ | ၁၃. |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | ဇေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဝလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက်<br>ဘုန်းကြီးကျောင်း | ၃. |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း   ကတ္တရာလမ်း   ကွန်ကရစ်လမ်း   မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း   (မြေသားလမ်း)   လူသွားလမ်း   အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-၂ မိုင်-/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၅ မိနစ်---- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/မြေလျှင်/လား/မော်တော်ဘုတ်/ အခြား ----------------

မိုးရာသီတွင်ကြာချိန်-------၅ မိနစ်---------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/မြေလျှင်/လား/မော်တော်ဘုတ်/ အခြား ----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ   ☐ ရှိပါသည်   ရှိလျှင်ဖော်ပြပါ ------------------------------

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဝပ်ဂိုပြစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------

(၂) ----------------------------------

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးဇော်ဝင်း |
| | လက်မှတ် နေ့စွဲ ၂၁.၉.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်ကြည်ကလင်း |
| | လက်မှတ် နေ့စွဲ ၂၁.၉.၂၀၁၇. |

# ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်ကြည်ရာလင်း ၊ ဒေါ်ခင်နှင်းအေး | | |
| နေ့စွဲ ၂၈.၉.၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| မြို့နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု တလိုင်းကွင်း | ကျေးရွာ မြောက်ရှင်တိုင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၈.၉.၁၇ | ၂၈.၉.၁၇ | ၂၃ | ၁၄ | ၃၇ | - |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၈.၉.၁၇ | ၂၈.၉.၁၇ | ၂၃ | ၁၄ | ၃၇ | - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | - |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | .. | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ...အစီအစဉ် ရေးဆွဲခြင်း | | | | | | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| \| |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | \| \| |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | \| \| |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | \| \| |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | \| \| |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | \| \| |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | \| \| |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | \| \| |

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကြည်ကလင်း |

| | |
|---|---|
| နေ့စွဲ ၂၈ · ၉ · ၂၀၁၇ . | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |

| | | |
|---|---|---|
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု တလိုင်းကျွန်း ကျေးရွာ မြောက်မင်တိုင်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | အိမ်တိုင်းရေ မီတာ မတပ်ဆင်နိုင်ခြင်း | ၁ | လျှပ်စစ်ဓာတ်အား မပြည့်မီခြင်း |
| ၂ | ရွာဝင်လမ်း ကျဉ်းမြောင်းခြင်း | ၂ | ကျန်းမာရေးဆေးပေးခန်း မရှိခြင်း |
| ၃ | စာကြည့်တိုက် မရှိခြင်းကြောင့် စာပေဗဟုသုတ နည်းပါးခြင်း | ၃ | အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း |
| ၄ | အစည်းအဝေး ပြုလုပ်ရန် နေရာအဆောက်အအုံ မရှိခြင်း | ၄ | သီးထပ်စိုက်ပျိုး၍ မရနိုင်ခြင်း |
| ၅ | အလုပ်အကိုင် ရှားပါးခြင်း | ၅ | ကျေးရွာတွင်း ဂုံးပေါက်များ လိုအပ်ခြင်း |
| ၆ | ကျန်းမာရေးဆေးပေးခန်း မရှိခြင်း | ၆ | မီးဘေးအန္တရာယ် ကာကွယ်ရေး မလုံလောက်ခြင်း |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျန်းမာရေးဆေးပေးခန်း ရရှိရန် | ၁ | ရွာတွင်း၊ ရွာချင်းဆက်လမ်းများ ကျောက်ချောလမ်း ဖြစ်ရန် |
| ၂ | ရွာချင်းဆက်လမ်းများ မီးသတ်ကား ဝင်နိုင်သည်အထိ တိုးချဲ့ရန် | ၂ | အိမ်တွင်းစက်မှုလုပ်ငန်းများ ရရှိရန် |
| ၃ | အစည်းအဝေးခန်းမ ရရှိရန် | ၃ | အသေးစားချေးငွေလုပ်ငန်းများ ပေါ်ပေါက်လာစေရန် |
| ၄ | မီးသတ်ရေကန် ရရှိရန် | ၄ | လျှပ်စစ်မီးများ အပြည့်အဝ ရရှိရန် |
| ၅ | ဒေသခံ အဖွဲ့များနှင့် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့များ ချိတ်ဆက်နိုင်ရန် | ၅ | ဂုံးပေါက်များ ဖောက်လုပ်ရန် |
| ၆ | ကျေးရွာလူထုမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ အပေါ် ပူးပေါင်းပါဝင်မှု အားကောင်းလာရန် | ၆ | သောက်သုံးရေ ဖူလုံရန် |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ဘုန်းဆက်လမ်း ချဲ့ချို ကျောက်ချောခင်းခြင်း | အမျိုးသား | ၂၂ သိန်း | ၂၂၃ |
| ၂ | ဂုံးပေါက်(၅)ခု ပြုပြင်ခြင်း | အမျိုးသား+အမျိုးသမီး | ၃၉ သိန်း | ၂၂၃ |
| ၃ | စက်ရေတွင်း၊ ရေစင်၊ ရေပိုက် ရေကန် (ဂါလံ ၃၀၀၀) | အမျိုးသား+အမျိုးသမီး | ၆၇ သိန်း | ၂၂၃ |
| [illegible] | အစည်းအဝေးခန်းမ | အမျိုးသား+အမျိုးသမီး | ၇၀ သိန်း | ၂၂၃ |
| ၅ | ဆေးပေးခန်း | အမျိုးသား+အမျိုးသမီး | ၇၀ သိန်း | ၂၂၃. |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | တနိုင်တပိုင် မွေးမြူရေး လုပ်ငန်း | အမျိုးသမီး | |
| ၂ | အိမ်တွင်းမှု လုပ်ငန်း | အမျိုးသမီး | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးဇော်ဝင်း--- လက်မှတ် ---(signature)--- နေ့စွဲ ---၂၈-၉-၂၀၁၇---

# ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အရန်မိတ္တူအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ)

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်စန်းနှင်းဝေ ၊ ဒေါ်ကြည်ကလင် | |
| နေ့စွဲ ၃ . ၁ . ၁၈ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) □စက်ဝန်း(၁) □စက်ဝန်း(၂) ✓စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ ; မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဝါးလိုင်းကျွန်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဇရပ်ကုန်း | တံတား | ၂၃' × ၁၁' × ၈'.၆" | ၂၀၅ | □ ကျား<br>□ မ<br>☑ ကျား + မ | ၇၂.၅ သိန်း | | | | ၇၂.၅ သိန်း |
| မကျည်းပင်ကွင်းဆိပ် | ဘက်စုံသုံး ခန်းမ | ၃၀' × ၂၀' × ၁၀' | ၈၅ | □ ကျား<br>□ မ<br>☑ ကျား + မ | ၇၀ သိန်း | | | | ၇၀ သိန်း |
| [illegible] | ဘက်စုံသုံး ခန်းမ | ၃၀' × ၂၀' × ၁၀' | ၈၆ | □ ကျား<br>□ မ<br>☑ ကျား + မ | ၇၈.၅ သိန်း | | | | ၇၈၅ သိန်း |
| | | | | □ ကျား<br>□ မ<br>□ ကျား + မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား + မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးကြည်နိုင် [signature] 8 · 1 · 2018

ဒေါ်မြင့်နိုင် [signature] 8 · 1 · 2018

# အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ တလိုင်းကွင်းကျေးရွာအုပ်စုမြောက်အင်တိုင်းကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

မြောက်အင်တိုင်းကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၈.၉.၂၀၁၇)နံနက်(၉း၀၀)နာရီတွင် စတင်ကျင်းပခဲ့ပါသည်။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော် ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည် အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ် ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့ သည်။

**********************************************

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

## ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

MAI

| ကဏ္ဍ | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာချင်းဆက်လမ်းချဲ့၍ ကျောက်ချောခင်းခြင်း | ကျား | ၂၀၁၉ | ကျေးရွာလူထု | CDD |
| | ၂ | ဂုံးပေါက်တံတားပြုလုပ်ခြင်း | ကျား/မ | ၂၀၂၀ | ကျေးရွာလူထု | ကျေးလက်ဦးစီး |
| | ၃ | စက်ရေတွင်း၊ ရေစင်၊ ရေပိုက် ရေကန် | ကျား/မ | ၂၀၂၁ | " | |
| | ၄ | အစည်းအဝေးခန်းမ | ကျား/မ | | " | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၅ | တပိုင်တနိုင်မွေးမြူရေးလုပ်ငန်း | မ | | " | |
| | ၆ | အိမ်တွင်းမှုလုပ်ငန်း | မ | | " | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်အာဟာရ | | | | | | |
| | ၇ | ဆေးပေးခန်း | ကျား/မ | | " | ကျန်းမာရေးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |